ဒီတော့ ဘယ်မှာ နေထိုင်မှာလဲ? အိမ်ရှာ မှာ လား အိမ်ခန်း ရှာမှာလား?

အိမ်ငှါးဖို့ရှာရတာ ကြာပါတယ်။

ပထမ ဦးဆုံး၊ တတ် နိုင် မလားဆိုတာကို ကိုယ့်မှာ ရှိတဲ့ ဘားဂျက်ငွေကို စစ်ဆေးပါ။

အိမ်ငှါးခ တွေဟာ အကြောင်းအမျိုးအမျိုး အပေါ်မှာ မူတည်ပါတယ်။

- ခြံရှိတဲ့အိမ်လား?
- အိမ်ခန်းတွေအများကြီးစုနေတဲ့နေရာက အိမ်ခန်းလား?
- အိပ်ခန်း ဘယ်နှစ်ခန်းပါသလဲ?

စင်တာလင့် က ကိုယ့်ကို အိမ်လခ အထောက်အကူ ပြု မပြု ကို စုံစမ်းပါ။

သတင်းစာ တွေ၊ အင်တာနက်တွေ၊ မိမိနေထိုင် နေတဲ့ ရပ်ကွက်တွင်းက နံရံကပ်စာစောင်တွေ မှာ အိမ်ငှါး ကြော်ငြာတွေကို ရှာပါ။

အိမ်ငှါး တဲ့ အေးဂျင်းတွေဆီမှာလဲ စုံးစမ်းပါ။

အိမ်ရှင်တွေကများသောအားဖြင့် အိမ်ငှါး အေးဂျင်း ကို အသုံးချ တတ်ပါတယ်။

ကျိုက်နှစ်သက်တဲ့ အိမ်၊ တတ်နိုင်တဲ့အိမ်ကိုတွေ့ ပြီဆို ရင် အေးဂျင်းကို ဆက်သွယ်ပြီး အိမ် ကို စစ်ဆေးပါ။

သင့်တော်တဲ့အိမ်ကို တွေ့ပြီဆိုရင် အေးဂျင်းဆီက နေ လျှောက်လွှာပုံစံ တောင်းပြီး၊ ဖြည့်ပြီး အေးဂျင်းကိုပြန်ပေး လိုက်ပါ။

လျှောက်လွှာတင်ထားတိုင်းလဲ အိမ် ကို ရ ဖို့မသေချာပါဘူး။ ဒါကြောင်း အိမ်တလုံးမက၊ လျှောက် ရင်မမှားပါဘူး.

နေရာကို ကျိုက်လို့ ပိုက်ဆံ ပို မပေးပါ နဲ့။ ကိုယ်တတ်နိုင်တာ ထက်ပို ပေး မိ ရင် ငွေကြေး ပြဿနာ နဲ့ ကြုံတွေ့ ရနိုင် ပါတယ်။

မိတ်ဆွေ ဒါမှမဟုတ် ယခင် အေးဂျင်း က ထောက်ခံစာ ကအသုံး ဝင်ပါတယ်။

အေးဂျင်းတွေက မှတ်ပုံတင် အထောက်အထားတွေ တောင်းပါ လိမ့်မယ်။ ယဉ်မောင်းလိုင်စင်

- ဝင်ငွေဖြတ်ပိုင်း
- ဘဏ် သို့မဟုတ်၊ စင်တာလင့် ထုတ်ဆိုချက်
- ဂစ်၊ လျှပ်စစ်၊ နဲ့ တယ်လီဖုံး ပြေစာ
- သော့ကဒ် နဲ့ အကြွေးကဒ်

အေးဂျင်းကအကောင်းဆုံးလျှောက်လွှာ ကိုရွေးပြီး အိမ်ရှင်ကို ပေးမှာဖြစ်ပါတယ်။

အိမ်ရှင်ကလဲ လျှောက်လွှာတွေထောက်ခံစာ တွေ ပေါ်မူတည်ပြီး အိမ်ငှါးကိုရွေးမှာ ဖြစ်ပါတယ်။

အေးဂျင်းတွေ ရဲ့တာဝန်က

- အိမ်ရှင်အတွက် အကောင်းဆုံးအိမ်ငှါးကိုရှာပေးဖို့
- အိမ်လခ မှန်မှန်ကောက်ပေးဖို့
- အိမ်ကရေပိုက်တွေ လျှပ်စစ်ဆိုင် ရာတွေ အားလုံး အလုပ်လုပ် ဖို့ ကြီးကြပ်ပေး ရမှာ ဖြစ်ပါတယ်။

အိမ်ငှါးက အိမ်ကိုကောင်းကောင်းစောင့်လျှောက် တယ်၊ အိမ်လခမှန်မှန်ပေး နေတယ်ဆို တဲ့ အချက်တွေက အရေးကြီးပါတယ်။

နောက်နောင်ကိုလဲ အိမ်တွေအများကြီးထပ်ငှါး နိုင်ဖို့အလားအလာတွေ ရှိတဲ့ အတွက်ကြောင့် အိမ်ကို ကောင်းကောင်းစောင့်ရှောက် ရင် အေးဂျင်းကလဲ အိမ်ပြောင်းသွားတဲ့အခါမှာ ကောင်းကောင်း ထောက်ခံပေးမှာဖြစ်ပါတယ်။

အကယ်၍ ပတမဦးဆုံးအကြိမ် အိမ်ငှါးတာ ဖြစ်ခဲ့ ရင် ရပ်ကွက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ migrant resource စင်တာတွေကအကူအညီတောင်းနိုင် ပါတယ်။

အိမ်ရှင် အိမ်ငှါးကိစ္စတွေနဲ့ပတ်သက်ပြီး၊ အကြောင်း အရာ ပို သိလိုပါက Fair Trading ရဲ့ ဝဗ်ဆိုက်ဖြစ်တဲ့ www.fairtrading.nsw.gov.au ကိုသွား ကြည့်ပါ၊ ဒါမှမဟုတ်၊ ၁၃ ၃၂ ၂၀ ကို ဆက်သွယ်မေးမြန်းပါ။

စကားပြန်အကူအညီလို အပ် ရင် ၁၃ ၁၄ ၅၀ ကို ဆက်သွယ်ပါ။